## 2 နေထိုင်မှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ အပြုအမူများ၊ ဓလေ့ထုံးစံများ

### 2-5 နေထိုင်မှုဆိုင်ရာ ဓလေ့ထုံးစံများ။ ။ရေချိုးခန်း

**(1) နေအိမ်မှာ**

များစွာသောဂျပန်မိသားစုများတွင် ရေချိုးခန်းတွင် ရေချိုးကန်နှင့် ဆေးကြောရန်နေရာဟု ခွဲခြားထားသည်။ ဆေးကြောသည့် နေရာတွင် ခန္ဓာကိုယ်ဆေးကြောခြင်း ခေါင်းလျှော်ခြင်းများလုပ်ပြီးနောက် ရေချိုးကန်တွင် ကြာရှည်စွာ ရေစိမ်၍ အပန်းဖြေခြင်းများပြုလုပ်ကြသည်။

များသောအားဖြင့် မိသားစုဝင် အချင်းချင်းဖြစ်ပါက ရေချိုးတိုင်း ရေချိုးကန်၏ရေကို လဲလှယ်ခြင်းမလုပ်ဘဲ အရင်ဆုံးရေချိုးသည့်လူမှ နောက်ဆုံးရေချိုးသည့်လူအထိ ရေချိုးကန်၏ရေကို ဖေါက်ထုတ်ခြင်းမပြုလုပ်ပါ။ ထို့ကြောင့် ရေကို အမြဲ သန့်ရှင်းစွာရှိနေစေရန်အတွက် ရေချိုးကန်မစိမ်ခင် ခန္ဓာကိုယ်ကို သေချာစွာ ဆေးကြောရမည်။ ရေချိုးပြီး ရေချိုးကန်တွင် ကျန်ရစ်သည့်ရေကို အဝတ်လျှော်ရန်အတွက်လည်းကောင်း၊ လျှောင်စသည့်အရေးပေါ်အချိန်များတွင် လိုအပ်သည့် သုံးရေ အတွက်လည်းကောင်း အသုံးပြုနိုင်ပါသည်။

ထို့ပြင် ဂျပန်တွင် စိုတိုင်းမှုများသောကြောင့် ရေချိုးခန်းတွင်မှိုတက်တတ်သည်။ ရေချိုးခန်းကို မကြာခဏ ဆေးကြောရန်လိုအပ်သည်။

**(2) အများသုံးရေချိုးခန်းဆိုင်မှာ**

အိမ်၌ ရေချိုးခန်းမရှိပါက Sento ဟုခေါ်သည့် အခကြေးငွေပေးဆောင်၍ အသုံးပြုနိုင်သည့် အများသုံးရေချိုးခန်းဆိုင်တွင် ရေချိုးနိုင်ပါသည်။ ယောကျ်ားမိန်းမ ခွဲခြားထားသည့် ရေချိုးခန်းမတွင် ရေချိုးပါသည်။ ရေချိုးခန်းဆိုင်ကို အသုံးပြုသည့်အခါ ရေခွက်မှလွဲပြီး မျက်နှာသုတ်ပဝါ၊ ဆပ်ပြာစသည့်များကို ယူဆောင်သွားရန် လိုအပ်သည်။ အများနှင့်အတူ အသုံးပြုသည့်နေရာဖြစ်သဖြင့် အချင်းချင်း စိတ်ချမ်းသာစွာအသုံးပြုနိုင်ရန် သတိထားဂရုစိုက်၍ မပျက်မကွက် ခန္ဓာကိုယ် ဆေးကြောပြီးမှ ရေစိမ်ရပါမည်။ ဆိုင်ဖွင့်ချိန်နှင့် အသုံးပြုခသည် ဆိုင်အပေါ်မူတည်၍ ကွဲပြားသော်လည်း အများအားဖြင့် ၁၅နာရီမှ ၂၃နာရီအထိ အသုံးပြုနိုင်ပြီး၊ အသုံးပြုခသည် ယန်း ၄၀၀ပတ်ဝန်းကျင်ခန့်ရှိသည်။

သို့သော်လည်း "Super Sento"၊ "Kenko Land" ဟု ခေါ်သည့် နေရာများသည် ရေချိုးကန်အမျိုးမျိုးနှင့် ချွေးထုတ်ခန်း စသည့်များပါရှိ၍ ပြည့်စုံကောင်းမွန်နေသောကြောင့် အသုံးပြုခသည် ဈေးကြီး(ယန်း ၈၀၀ မှ ၂၀၀၀လောက်အထိ) ပါသည်။ ထို့ပြင် ရေချိုးခန်းဆိုင် တော်တော်များများသည် ဆေးမင်ကြောင်တက်တူးပါသည့်လူများကို အသုံးပြုခွင့်မပေးပါ။